# ပြည်သူများသို့အသိပေးချက်

(၂၀၂၁) ခုနှစ်၊ ဇန်နဝါရီလ (၂၃) ရက်နေ့

မြန်မာနိုင်ငံတွင် ယခုလက်ရှိအချိန်အထိ တွေ့ရှိရသည့် COVID-19 ဓာတ်ခွဲ အတည်ပြုလူနာ (၁၃၇,၀၉၈) ဦးအနက် (၆၃) ရာခိုင်နှုန်းသည် COVID-19 ရောဂါလက္ခဏာ တစ်စုံတစ်ရာမရှိဘဲ ပြင်ပအမြင်တွင် လူကောင်းပကတိသဖွယ် ဖြစ်နေပါသည်။

ထိုသို့ ရောဂါလက္ခဏာတစ်စုံတစ်ရာမရှိဘဲ ရောဂါရှိနေသူများသည် ရောဂါပိုး သယ်ဆောင်နေသူများဖြစ်ပြီး အခြားသူများထံသို့ ရောဂါကူးစက်စေနိုင်သည်ဆိုသည့် အချက်အား ပြည်သူများအနေဖြင့် အထူး (အထူး) သတိပြုကြကာ ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော COVID-19 ကာကွယ်ရေး နည်းလမ်းများအား တိကျစွာ (တိကျစွာ) လိုက်နာကြရန်မှာ အရေးကြီးပါသည်။

ထိုသို့မလိုက်နာပါက ရောဂါကူးစက်ဖြစ်ပွားမှုနှုန်း ပြန်လည်မြင့်မားလာပါမည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**